ငါကိုယ်တော်၏ ဤဗလီဝတ်ကျောင်းတော်၌ဆွလာသ်တစ်ကြိမ်ဆောက်တည်ခြင်းသည်(မက္ကဟ်)မြို့တော်ရှိမတ်စ်ဂျိဒ်ဟရာမ်ဝတ်ကျောင်းတော်မှအပ အခြားဗလီဝတ်

ကျောင်းတော်များ၌

ဆွလာသ်အကြိမ်ပေါင်းတစ်ထောင်ဆောက်တည်ခြင်းထက်

သာပိုမွန်မြတ်သည်။

အဗူဟုရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ ငါကိုယ်တော်၏
ဤဗလီဝတ်ကျောင်းတော်၌ ဆွလာသ်တစ်ကြိမ်ဆောက်တည်ခြင်းသည်(မက္ကဟ်)မြို့တော်ရှိ
မတ်စ်ဂျိဒ်ဟရာမ်ဝတ်ကျောင်းတော်မှအပ အခြားဗလီဝတ် ကျောင်းတော်များ၌
ဆွလာသ်အကြိမ်ပေါင်းတစ်ထောင်ဆောက်တည်ခြင်းထက် သာပိုမွန်မြတ်သည်။
[صحيح] [متفق عليه]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မိမိ၏ဗလီဝတ်ကျောင်းတော်တွင်ဆွလာသ်ဆောက်တည်ခြင်း၏မွန်မြတ်မှုကို ရှင်းပြတော်မူခဲ့သည်။မတ်စ်ဂျိဒ်နဗဝီဝတ်ကျောင်းတော်၌ ဆွလာသ်တစ်ကြိမ်ဆောက်တည်ခြင်းသည် မက္ကဟ်မြို့တော်ရှိမတ်စ်ဂျိဒ်ဟရမ်မှအပ ကမ္ဘာ့မြေပထဝီ၌ရှိရှိသမျှဗလီများတွင်ဆွလာသ်အကြိမ်‌ပေါင်းတစ်ထောင်ဆောက်တည်ခြင်းထက် အကျိုးကုသိုလ်ပို၍ရရှိမည်ဖြစ်သည်။မက္ကဟ်မြို့တော်ရှိ မတ်စ်ဂျိဒ်ဟရမ်၌ ဆွလာသ်ဆောက်တည်ခြင်းသည်မတ်စ်ဂျိဒ်နဗဝီဝတ်ကျောင်းတော်၌ ဆွလာသ်ဆောက်တည်ခြင်းထက် ပို၍မွန်မြတ်သည်။

http://sunnah.global/hadeeth/my/show/65090